# အစားအစာ ကိုင်တွယ်သည့်နေရာများတွင် မီးလောင်ပါက

## သင့်နေရာတွင် မီးလောင်ပါက...

**နေရာကို ချက်ချင်းပိတ်၍ အစားအစာပြင်ဆင်ခြင်းကို လုံးဝရပ်တန့်ပါ။**
အကူအညီအတွက် ဒေသန္တရကျန်းမာရေးဌာနကို အကြောင်းကြားပါ။




## ပြန်မဖွင့်မီ

1 **ဒေသန္တရကျန်းမာရေးဌာနကို အကြောင်းကြားပါ။ ပြန်ဖွင့်ရန် ခွင့်ပြုချက်မရမချင်း သင်၏နေရာကို ပိတ်ထားရမည်ဖြစ်သည်။** အချို့သော အခြေအနေများတွင် အစီအစဉ်ကို ပြန်လည်စိစစ်ရန် လိုအပ်နိုင်ပါသည်။



2 **စွန့်ပစ်ပါ။** မီး၏အပူရှိန်၊ မီးခိုးငွေ့များ၊ မီးသတ်ရန် အသုံးပြုသော ဓာတုပစ္စည်းများနှင့် ရေတို့ကြောင့် အစားအစာများ စားသုံးရန် မသင့်တော်ခြင်း ဖြစ်နိုင်ပါသည်။ ကျွမ်းကျင်သော သန့်ရှင်းရေး သို့မဟုတ် မီးလောင်ပြီး ပြန်လည်တည်ဆောက်ရေး ဝန်ဆောင်မှုတို့ကို ငှားရမ်းရန် စဉ်းစားပါ။

**စွန့်ပစ်ရမည့် အစားအစာအမျိုးအစားနှင့် ပမာဏကို မှတ်တမ်းတင်ပါ။** အာမခံတောင်းခံစာ တင်သွင်းခွင့်ကို ရကောင်းရနိုင်ပါသည်။



### စွန့်ပစ်ရနိုင်သည့် ပစ္စည်းများ

မည်သည့်ပစ္စည်းများ စွန့်ပစ်ရမည်ကို သင်၏ ကျန်းမာရေးဌာနက ကူညီဖော်ထုတ်ပေးမည်ဖြစ်သည်။

- ဖွင့်ထားသော အစားအစာများ၊ အခြောက်အခြမ်းများနှင့် ဟင်းခတ်အမွှေးအကြိုင်များ။
- ရေခဲ၊ အကြော်ဆီ၊ ဖျော်ရည်နှင့် ရေခဲမုန့်အရောများ။
- ရေခဲသေတ္တာနှင့် အေးခဲခန်းအတွင်း သိမ်းဆည်းထားသော အစားအစာများ။ အသုံးအဆောင်ပစ္စည်းသည် လေမလုံခြင်း။
- စိမ့်ယိုနိုင်သော ပစ္စည်းများဖြစ်သော ဂျပ်ဖာပုံး၊ ပလတ်စတစ်အိတ်၊ အဖုံးလှည့်ပိတ်ရသော ဘူး၊ ပုလင်းများဖြင့် ထုပ်ပိုးထားသော အစားအစာများ။
- တစ်ခါသုံးပစ္စည်းများဖြစ်သော ခွက်၊ အစားအစာဘူး၊ လက်သုတ်ပဝါနှင့် ပိုက်များ။
- အပူနှင့်ထိတွေ့ထားသော စည်သွပ်အစားအစာများ။ အပူနှင့် မထိတွေ့ထားသော စည်သွပ်အစားအစာများကို သိမ်းလိုက သိမ်းထားနိုင်ပါသည်။ တံဆိပ်ကိုခွာပါ။ ဆေးကျောသန့်စင်ကာ ပိုးသတ်ပြီးမှ တံဆိပ်ပြန်ကပ်ပါ။

**သံသယရှိပါက စွန့်ပစ်ပါ။**

တစ်ဖက်တွင် ဆက်ရန် →





Do it Right! Serve it Safe!


## 3 မျက်နှာပြင်အားလုံးနှင့် ပစ္စည်းအားလုံးကို ဆေးကြောသန့်စင်ကာ ပိုးသတ်ပါ။

- အစားအစာနှင့် ထိတွေ့သောမျက်နှာပြင်များတွင် ဇွန်း၊ ခက်ရင်းများ၊ ပန်းကန်ခွက်ယောက်များ၊ အိုးများနှင့် အစားအစာ ပြင်ဆင်သည့် ပစ္စည်းများ၊ ရေဆေးကန်များ ပါဝင်သည်။
- ကြမ်းပြင်၊ နံရံ၊ မျက်နှာကျက်၊ လေထွက်ပေါက်၊ ပေါ်နေသော ပိုက်များနှင့် ကြမ်းပြင်ရေထွက်ပေါက်များ။
- အစာစားသည့် စားပွဲ၊ ခုံများ၊ မီနူးများနှင့် သန့်စင်ခန်းများ။












## 4 လက်ဆေးရန်နှင့် ပန်းကန်ဆေးရန်အတွက် ရေပူရေအေး ရကြောင်းသေချာပါစေ။



## 5 ပစ္စည်းများအားလုံး ပုံမှန်အလုပ်လုပ်ကြောင်း သေချာပါစေ။

၎င်းတွင် အအေးခံခြင်း၊ ချက်ပြုတ်ခြင်း၊ အပူကိုင်တွယ်ခြင်းနှင့် လေထုတ်ပစ္စည်းများ ပါဝင်သည်။



## ပြန်ဖွင့်ရန် အဆင်သင့်ဖြစ်ပါက

မီးသတ်ဌာန၊ မြို့တော်အိမ်ရာဌာနနှင့် အခြားသောအေဂျင်စီများ၏ ခွင့်ပြုမိန့်ကို ရယူပါ။

